မြန်မာနိုင်ငံရှေ့နေများကောင်စီ
Burma Lawyers' Council

PO Box 144 Mae Sod Post Office Tak Province 63110 Thailand   Tel : Fax (66) (055) : 542 910
E-mail : mainoffice@blc-burma.org.  Website : www. blc-burma.org

## ရဲစခန်းအတွင်း မညိုကြည် သေဆုံးရမှုအပေါ် ဥပဒေသုံးသပ်ချက်

**နေ့စွဲ ။ ဩဂုတ်လ ၁ ရက် ၂၀၀၆။**

ပဲခူးတိုင်း၊ ရေတာရှည်မြို့နယ်၊ မြို့လှရဲစခန်း၌ ဇွန်လ(၁၉)ရက်နေ့တွင် ပြည်သူ့ရဲ၏ ညှင်းပန်းနှိပ်စက်မှုကြောင့် ဖမ်းဆီးခေါ်ဆောင်ခြင်းခံရသူ အမျိုးသမီးမညိုကြည် (၂၃)နှစ် သေဆုံးသွားကြောင်း ကြားသိရပါသည်။

မြို့လှမြို့နယ်ရဲစခန်းမှ ဒု–ရဲအုပ်ဇော်လွင်နှင့် ပြည်သူ့ရဲတဦးတို့သည် ဇွန်လ(၁၈)ရက်နေ့၊ နေ့လည်(၂း၃၀) နာရီတွင် ရွှေမြိုင်ရပ်ကွက်နေ မညိုကြည်အား ဈေးမှအပြန်၌ မသင်္ကာမှုဖြင့် ဖမ်းဆီးခေါ်ဆောင်သွားခဲ့သော်လည်း မိသားစုကိုမူလုံးဝ အသိပေးအကြောင်းကြားခဲ့ခြင်း မပြုလုပ်ခဲ့ပါ။ ခင်ပွန်းဖြစ်သူ ကိုစိုးသူမှ ရဲစခန်းသို့ သွားရောက်ခဲ့သော်လည်း ဇနီးဖြစ်သူမညိုကြည်နှင့် လုံးဝတွေ့ခွင့်မပေးခဲ့ပါ။ နောက်တစ်နေ့ ဇွန်လ(၁၉)ရက်နေ့တွင်လည်း ခင်ပွန်းဖြစ်သူကိုစိုးသူမှ ရဲစခန်းသို့ ထပ်မံသွားတွေ့သည့်အခါတွင် (၈)လအရွယ် ကလေးငယ်ကိုသာ ပြန်ပေးလိုက်ပြီး ဇနီးနှင့် လုံးဝတွေ့ခွင့် မပေးခဲ့ပါ။

ယင်းကဲ့သို့ မညိုကြည်ဖမ်းဆီးခံရမှုနှင့်စပ်လျဉ်း၍ မညိုကြည်နှင့်တရပ်ကွက်တည်းနေသူ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ တာဝန်ရှိသူတစ်ဦးမှ ရဲစခန်းသို့သွားရောက်ပြီး၊ မညိုကြည်သည် (၈)လသားအရွယ်ကလေး မိခင်တစ်ယောက်ဖြစ်သည့်အတွက်လည်းကောင်း၊ အမျိုးသမီးတဦးဖြစ်၍လည်းကောင်း အာမခံပေးပြီးပြန်လွှတ်ပေးရန် ရဲစခန်းသို့သွားရောက်တောင်းဆိုခဲ့သော်လည်း ရဲစခန်းတာဝန်ရှိသူများမှာ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့၏ အမျိုးသမီးအခွင့်အရေးဆိုင်ရာကိစ္စကို လုံးဝလျစ်လျူရှုခဲ့ကြောင်းသိရပါသည်။

ထိုနေ့ညနေပိုင်းတွင် ကလေးငယ်နို့တိုက်ရန်အတွက် သွားရောက်သည့်အခါတွင် ရဲစခန်းရှိပြည်သူ့ရဲတပ်ဖွဲ့ဝင်တစ်ဦးက မညိုကြည်သေဆုံးသွားပြီးဖြစ်သည့်အတွက် ဆေးရုံသို့လိုက်သွားရန် ပြောသည့်အခါကျမှ မညိုကြည်သေဆုံးကြောင်း သိရှိရပါသည်။ မညိုကြည်သေဆုံးခြင်းအား မိသားစုထံ အကြောင်းကြားခြင်းလုံးဝမရှိဘဲ ဆေးရုံသို့ ထော်လာဂျီဖြင့် တိတ်တဆိတ်ပို့လိုက်ကြောင်း ကြားသိရပါသည်။

မညိုကြည်၏ အလောင်းကိုစစ်ဆေးသောအခါတွင် ဦးခေါင်းနှင့်နောက်ကျောဘက်တွင် အပြင်းအထန်ရိုက်နှက်နှိပ်စက်ထားသောဒဏ်ရာများ တွေ့ရှိရကြောင်းနှင့် ဝမ်းဗိုက်ကိုလည်း ခွဲထားပြီးအတွင်းတွင် ကလီစာများ မပါရှိတော့ကြောင်းသိရပါသည်။ ယခုကဲ့သို့ သေဆုံးရခြင်းအပေါ် မိသားစုဝင်များနှင့် မြို့ခံလူထုမှ ကျေနပ်မှုမရှိကြောင်းသိရှိရပါသည်။

အထက်ပါ အမှုဖြစ်အကြောင်းခြင်းရာ အချက်အလက်များအား အောက်ပါအတိုင်း ဥပဒေကြောင်းအရ သုံးသပ်တွေ့ရှိရပါသည်။

(၁) ဦးခေါင်းနှင့် နောက်ကျောဘက်တွင် အပြင်းအထန် ရိုက်နှက်နှိပ်စက်ထားသည့် ဒါဏ်ရာများအတွက် ဆရာဝန်၏ ဆေးစစ်ချက်ကို တောင်းခံရရှိထားရန်လိုအပ်ပါသည်။ ဆရာဝန်၏ သက်သေခံစာရွက်စာတမ်း၊ ထွက်ဆိုချက်များမှာ–**သက်သေခံဥပဒေ ပုဒ်မ–၄၅** အရ သက်သေခံဝင်ပါသည်။

(၂) ရဲစခန်းရှိ တာဝန်ကျရဲများက မညိုကြည်အား ဦးခေါင်းနှင့်နောက်ကျောဘက်တွင် အပြင်းအထန် ရိုက်နှက်နှိပ်စက်ထားသော ဒါဏ်ရာများ ရရှိစေခြင်းဖြင့် သေဆုံးကြောင်း အမှုတွဲဖော်ပြချက်အရ–အထင်အရှားပေါ်လွင်နေသည့် သက်သေအထောက်အထားများ prima facie evidences တွေ့ရှိရပါသည်။ ထို့ကြောင့် အခင်းဖြစ်နေရာ မြို့လှမြို့ ရဲစခန်း တာဝန်ခံရဲမှူးနှင့် ဖမ်းဆီးသူ ဒု–ရဲအုပ်ဇော်လွင် အပါအဝင် စစ်ဆေးသူရဲများ၏ လက်ချက်ဖြင့် သေဆုံးရခြင်းဖြစ်သောကြောင့် **ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ–၃၀၂ အရ "လူသတ်မှု"**ကို ကျူးလွန်ရာ ရောက်ပေသည်။

(၃) ပြည်သူ့ဝန်ထမ်း(မြန်မာနိုင်ငံရဲ)သည် ပြစ်မှုတခုကို ကျူးလွန်ရန် မိမိအလိုအလျောက် ပြုလုပ်မှုဖြင့်ဖြစ်စေ၊ ဥပဒေနှင့်ဆန့်ကျင်သော ပျက်ကွက်မှု ပြုခြင်းဖြင့်ဖြစ်စေ **ထိန်ချန်လျှင် ပြစ်မှုဆိုင်ရာဥပဒေပုဒ်မ–၁၁၉** ကိုလည်း မြို့လှမြို့ရဲစခန်း တာဝန်ရှိသူများက ကျူးလွန်ရာ ရောက်ပေသည်။

(၄) အထောက်အထား တစ်စုံတစ်ရာ မတွေ့ရှိရဘဲ၊ ချုပ်ထားစဉ် သူ့ကိုယ်သူ ကြိုးဆွဲချ သေခြင်းဖြစ်သည်ဟု အမှုမှန်ကို ဖုံးကွယ်ရန်ကျိုးစားလျှင်၊"အမှန်အတိုင်း ပြစ်မှုနှင့် စပ်လျဉ်း၍ ဥပဒေနှင့် အညီပေးရန် တာဝန်ရှိသော သတင်း ကို မပေးဘဲ၊ တမင်ပျက်ကွက်ခဲ့လျှင်(သို့မဟုတ်) ပြစ်မှုနှင့် စပ်လျဉ်း၍ မမှန်သတင်းပေးခြင်းဖြစ်လျှင်၊ " **ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ– ၂၀၂၊ ၂၀၃** တို့အရလည်း အရေးယူခြင်း ခံရမည်ဖြစ်သည်။

(၅) မည်သူ့ကိုမဆို ရဲက ဝရမ်းမပါဘဲ ဖမ်းဆီးလျှင် **ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေ ပုဒ်မ–၆၁**တွင် ပြဋ္ဌာန်းထားသည့်အတိုင်း ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေပုဒ်မ–၁၆၇ အရ တရားသူကြီးတဦး၏ အထူးအမိန့်မရရှိလျှင် **၂၄–နာရီထက် ပိုမချုပ်နှောင်ရန်** ပြဋ္ဌာန်းထားသည့် အတွက်လည်း ရဲစခန်းတွင် အဓိကတာဝန်ရှိပေသည်။

(၆) ရဲအချုပ်တွင် ရှိနေစဉ် သေဆုံးခြင်းဖြစ်သောကြောင့်–**ပြစ်မှုဆိုင်ရာကျင့်ထုံး ဥပဒေ ပုဒ်မ–၁၇၆(၁)** အရ ရာဇဝတ်တရားသူကြီးက စုံစမ်းစစ်ဆေးမှု ပြုလုပ်ရပါမည်။

(၇) ပြည်သူတစ်ဦးတစ်ယောက်ကို ယခုကဲ့သို့ရဲစခန်းအတွင်း ခေါ်ယူစစ်ဆေး သတ်ဖြတ်လိုက်ခြင်းမှာ မြန်မာနိုင်ငံရဲအဖွဲ့အား "လူသတ်လိုင်စင်"ထုတ်ပေးထားသလိုဖြစ်နေပေသည်။ ပြည်သူလူထု၏ **အသက်ရှင်ရပ်တည်ပိုင်ခွင့်** (Right to life) လူ့အခွင့်အရေးကို ချိုးဖောက်လိုက်ခြင်းဖြစ်သည်။ ပြည်သူလူထု၏ ဘဝလုံခြုံမှု လုံးဝကင်းမဲ့သွားပြီး၊ တရားဥပဒေ စိုးမိုးရေး မရှိသော လူ့အဖွဲ့အစည်း ဖြစ်နေပေသည်။

(၈) ယခုကဲ့သို့ အမျိုးသမီးတစ်ဦးအပေါ် မတရားနှိပ်စက်ခံခဲ့ရပြီး သေဆုံးရခြင်းနှင့်စပ်လျဉ်း၍ အမျိုးသမီးတစ်ဦး၏အသက် သေသည့်အထိ မတရားအနိုင်ကျင့် နှိပ်စက်သတ်ဖြတ်လိုက်မှုအပေါ်တွင်လည်းကောင်း၊ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့အနေဖြင့် မြန်မာနိုင်ငံရှိ အမျိုးသမီးများ၏ အခြေခံအခွင့်အရေးများအပြည့်အဝရရှိရေး ကြိုးပမ်းမှုအပေါ် မျက်ကွယ်ပြုခဲ့သည့်လုပ်ရပ်ပေါ်တွင်လည်းကောင်း အမှန်တရားကို ဥပဒေနှင့်အညီ ဖော်ထုတ်ပေးကြရန် လိုအပ်ကြောင်း သုံးသပ် ထုတ်ပြန်လိုက်ပါသည်။

ပိုမိုသိရှိလိုပါလျှင်

ဆက်သွယ်ရန်–
ဦးမျိုး၊ ဥပဒေရေးရာသုတေသန၊ ( ဖုံးနံပါတ်–(၆၆) (ဝ၆) ၂၁၆ဝ ၁ဝ၈ )